မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

July 17 , 2025 Volume 92, Number 12

| ၁၇. ၇.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၅.၆၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၀၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၄.၆၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၉.၁၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၅ ကျပ် |

## ၃ လအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၄ သိန်းကျော်တင်ပို့




ယခု ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပင်လယ်ရေကြောင်းကနေ ပြည်ပကို ပဲမျိုးစုံတန်ချိန် ၄၄၃,၀၀၀ တင်ပို့ထားတယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက သိရပါတယ်။

အခုဘဏ္ဍာနှစ် ဧပြီလကနေ ဇွန်လအတွင်း ပြည်ပကို ပဲမျိုးစုံတင်ပို့မှုကနေ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၆၀ နီးပါး ရှိတယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း အကြံပေးပုဂ္ဂိုလ် ဦးစိုးဝင်းမောင် က ပြောပါတယ်။

ဒီဘဏ္ဍာနှစ်ထဲမှာ ပြည်ပကို ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့နိုင်ဖို့လျာထားပြီးပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံဖိုးရရှိဖို့ လျာထားတယ်လို့ ဆိုပါတယ်။

ပြည်ပကိုနိုင်ငံတကာဈေးကွက်ဝင်ပဲမျိုးစုံတင်ပို့ရာမှာ ဈေးကွက်အသစ်ထက် လက်ရှိတင်ပို့နေတဲ့ဈေးကွက်တွေကိုပိုမိုတိုးချဲ့နိုင်ဖို့ကြိုးပမ်းဆောင်ရွက်နေတယ်လို့သိရပါတယ်။

ပြည်ပကို ပဲမျိုးစုံတင်ပို့ရာမှာ ပင်လယ်ရေကြောင်းက အဓိက တင်ပို့နေတာပါ။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က ပြည်ပကို ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံကနေ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကို အများဆုံး တင်ပို့နေတာဖြစ်ပြီး တရုတ်နဲ့ ဥရောပသမဂ္ဂနိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်။ ပြည်ပကို မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယဉ်း၊ထောပတ်ပဲစတဲ့ ပဲအမျိုးအစားပေါင်း ၂၀ လောက် တင်ပို့နေတယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့ပနားမီးပုစွန်ဖြူကို ရုရှားနှင့်ဘယ်လာရုစ် တင်ပို့မည်



မြန်မာ့ပနားမီးပုစွန်ဖြူကို ရုရှားနဲ့ဘယ်လာရုစ် ဈေးကွက်တွေကိုတင်ပို့နိုင်ဖို့စီစဉ်နေတယ်လို့ငါးလုပ်ငန်းဦးစီးဌာနကသိရပါတယ်။

ရုရှားနဲ့ဘယ်လာရုစ် ဈေးကွက်ကို ပနားမီးပုစွန်ဖြူ တင်ပို့နိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံ အစိုးရတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းနေဆဲဖြစ်ပြီး သက်ဆိုင်ရာ နိုင်ငံတွေကို လိုအပ်တဲ့ အချက်အလက်တွေ ပေးပို့ထားတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောပါတယ်။

ပနားမီးပုစွန်ဖြူတင်ပို့လို့ အဆင်ပြေရင် နောက်ပိုင်းမှာ အခြားရေထွက်ပစ္စည်းတွေကို ဆက်လက်တင်ပို့နိုင်ဖို့ လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။

ပြည်ပဈေးကွက်ဝင်မြန်မာ့ပနားမီးပုစွန်ဖြူကိုတနင်္သာရီတိုင်းဒေသကြီးအတွင်းက ရေငန်မွေးမြူရေးကန်တွေမှာ စနစ်တကျမွေးမြူထုတ်လုပ်ပြီး ဩစတြေးလျ၊ တရုတ်၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေကို တင်ပို့နေတာပါ။ တနင်္သာရီတိုင်းဒေသကြီးက မွေးမြူထုတ်လုပ်တဲ့ ပနားမီးပုစွန်ဖြူတွေဟာ ပင်လယ်ရေ အရည်အသွေးကောင်းမွန်တာနဲ့ ရေထွက်ကုန်အရည်အသွေးကောင်းမွန်တာတွေကြောင့် ပြည်ပနိုင်ငံတွေက ကြိုက်ကြတယ်လို့ ဆိုပါတယ်။

အခုနောက်ပိုင်းမှာ နိုင်ငံခြားဝင်ငွေသေချာတဲ့ရေငန်ပုစွန်မွေးမြူတာကိုလည်းရေလုပ်ငန်းရှင်တွေ ပိုမိုစိတ်ဝင်စားလာတယ်လို့ သိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုများတဲ့ ပနားမီးပုစွန်ဖြူမွေးမြူရာမှာခြောက်ပေအနက်ရှိတဲ့ နှစ်ကေခွဲ တစ်ကန်ကို ပုစွန် အကောင်ရေ ၂ သန်းကနေ ၄ သန်းအထိ မွေးမြူလေ့ရှိကြပါတယ်။ ပနားမီးပုစွန်ဖြူမျိုးစိတ်ကို ထိုင်းနိုင်ငံက ဝယ်ယူကာ အဆင့်ဆင့်မွေးမြူပြီး ၄ လခန့်အကြာမှာ ရောင်းတန်းဝင်အဆင့်ရောက်ချိန်မှာ ပြည်ပကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။

**Source:** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၇-၇-၂၀၂၅ မှ ၁၁-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့် အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၀၉,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၂၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၈၂၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၇,၀၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ရော်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ရော်သီး ( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲရော် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၀,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရော်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရော်ရှည် အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်ရှည် အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်ရှည်အိတ်ပေါင်း ၇၀၀(၁၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### မန်ကျည်းသီး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၂၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

### ထန်းလျက်၊ ကြံသကာနှင့် သကြား

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၅၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၉၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ပခုက္ကူ ကြမ်း(သစ်) ကျပ် ၂၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၁၅၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၇-၇-၂၀၂၅ မှ ၁၁-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄၀၀ ၊ ဆိပ်ဖြူ လတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၅၅၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၃၀၀ နှင့် မုံရွာ လတ်ချော ကျပ် ၉၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင် အပတ်က ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၅ စီး (၅၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၈၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၇၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ် (ရှယ်) ကျပ် ၂၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင် အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၉၀၀ (၁၁၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ

အိတ် ၃၇၀၀ (၁၁၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၂၀၀ (၆,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့်တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၂၅၀၀၊ ဟဲဟိုး Ok ကျပ် ၃၀၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၀၀၀၊ ဟဲဟိုး S2 ကျပ် ၂၈၀၀ နှင့် တရုတ်အာလူး ကျပ် ၃၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဟဲဟိုး A1 ကျပ် ၁၀၀ ၊ ဟဲဟိုး Ok ကျပ် ၆၀၀ ၊ ဟဲဟိုး S1 ကျပ် ၆၀၀၊ ဟဲဟိုး S2 ကျပ် ၈၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၆ စီး(၂၁၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၁ စီး (၁၈၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျွန်းလှမြို့၌ ရောင်းချနေသော မင်းကွတ်သီးဈေးနှုန်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့တွင် မိသားစုစားဝတ်နေရေးအတွက် သစ်သီးမျိုးစုံဖြစ်သည့် နာနတ်သီး၊ နဂါးမောက်သီး၊ သရက်သီး၊ ငှက်ပျောသီး၊ စပျစ်သီး၊ သခွားမွှေးသီး၊ကျောက်သခွားမွှေးသီး၊ ပန်းသီး၊ ပန်းသစ်တော်သီး၊ မင်းကွတ်သီး၊ တညင်းသီး နှင့် ဖရဲသီးများကို မန္တလေးမြို့နှင့် လားရှိုးမြို့တို့မှမှာယူရောင်းချလျက်ရှိကြောင်းသိရ သည်။

မင်းကွတ်သီးပင်ကို အရှေ့တောင်အာရှနိုင်ငံတွေက အရင်ဆုံးစိုက်ပျိုးခဲ့ကြတာလို့သိရသည်။ ထိုင်း၊ မြန်မာ၊ အိန္ဒိယနဲ့ ဗီယက်နမ်နိုင်ငံတွေမှာတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးလာကြတာဖြစ်ပြီး မင်းကွတ်သီးက ဆေးဖက်ဝင်အသီးတစ်မျိုးလည်းဖြစ်၍ ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်တဲ့အာနိသင်တွေပါဝင်ခြင်း၊ အူမကြီးကင်ဆာဆဲလ်တွေကြီးထွားမှုကို ဟန့်တားနိုင်ခြင်း၊ ရောင်ရမ်းမှုကို တိုက်ဖျက်ပေးနိုင်ခြင်း၊အရေပြားကျန်းမာစေခြင်း၊ ကိုယ်ခံအားမြှင့်တင်ပေးနိုင်ခြင်းနှင့် ဝမ်းကိုက်ရောဂါကို သက်သာစေနိုင်ခြင်းစသည့် ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေသည်ကို သိရသည်။

ယခု ၂၀၂၅ ခုနှစ်၊ ဇွန်လ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်နေသော ကျွန်းလှမြို့၏ မင်းကွတ်သီး ဈေးနှုန်းများမှာ မင်းကွတ်သီးအကြီး ၁ လုံးလျှင် ၅၀၀ ကျပ်၊ မင်းကွတ်သီး အလတ်၁ လုံးလျှင် ၄၀၀ ကျပ် နှင့် မင်းကွတ်သီး အသေး ၁ လုံးလျှင် ၃၅၀ကျပ် နှင့် ငွေကျပ် ၁၀၀၀ ဖိုး ၃လုံး ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သစ်ရာမြိုင်ဈေးတိုက်တန်းတွင် သစ်သီးမျိုးစုံရောင်းချနေသော ဈေးသည်တစ်ဦးထံက သိရ သည်။

**Source : DOCA စစ်ကိုင်း**

https://www.doca.gov.mm/

## ပဲကြီးနှင့် ထောပတ်ပဲများ အရောင်းအဝယ်ပုံမှန်ရှိနေ



ဇူလိုင်လ တတိယပတ်တွင် ပဲကြီးနှင့် ထောပတ်ပဲများမှာ အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရသည်။

ပဲကြီးကို ပြည်တွင်းပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များနှင့် ပြည်ပမှ အနည်းငယ်သာ ဝယ်ယူမှုရှိနေကြောင်း၊ ထောပတ်ပဲမှာ ပြည်တွင်း နေ့စဉ်စားသုံးမှုတွင် စားတော်ပဲပြုတ်ပြီးလျှင် ထောပတ်ပဲပြုတ်သည် စားသုံးမှုအများဆုံးဖြစ်သည်။

ပဲကြီးကဲ့သို့ ထောပတ်ပဲကိုလည်း ပဲကြော်၊ ပဲလှော်အဖြစ်အသုံးပြုခြင်းကြောင့် ဈေးကွက်ရှိသည့် ပဲတစ်မျိုးလည်းဖြစ်ကြောင်း သိရသည်။

ပဲကြီးလတ် ၅၅ ဒသမ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၂၀,၀၀၀မှ ၃၃၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၁၀,၀၀၀မှ ၃၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၀၀,၀၀၀မှ ၃၂၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀,၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၁၀,၀၀၀မှ ၂၀,၀၀၀ခန့် မြင့်တက်လာသည်။

ပဲကြီးသေး ၅၅ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၀,၀၀၀မှ ၃၀၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၀,၀၀၀မှ ၃၀၅,၀၀၀၊ ယခင်လ ကျပ် ၂၆၀,၀၀၀မှ ၂၈၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၄၀,၀၀၀ကျပ်၊ ယခင်လထက် ကျပ် ၁၀,၀၀၀မှ ၂၀,၀၀၀ ခန့်ဈေးမြင့်တက် လာသည်။

ပဲထောပတ် ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၁၀,၀၀၀မှ ၃၁၅,၀၀၀၊ ယခင်လ ကျပ် ၃၁၀,၀၀၀မှ ၃၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၁၀,၀၀၀မှ ၃၁၅,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၅၀၀၀ ကျပ်ခန့် ဈေးနိမ့်လာပြီး၊ ယခင်လအတိုင်းဈေးငြိမ်နေပါသည်။

**Source:** https://myantrade.gov.mm/

## အီသီယိုးပီးယားနိုင်ငံသည် ဘဏ္ဍာရေးနှစ်သစ်တွင် တရုတ်နိုင်ငံသို့ ပဲပုပ်အစာကို တင်ပို့မည်

ဇူလိုင် ၈ ရက်နေ့မှစတင်သည့် ဘဏ္ဍာနှစ်သစ်တွင် ပဲပုပ်ကိုဆီကြိတ်ပြီးနောက် ထွက်ရှိလာသော ပဲပုပ်ဖတ်များကို ပဲပုပ်အစာအဖြစ် တရုတ်ဈေးကွက်သို့တင်ပို့မည်ဟု အီသီယိုးပီးယားနိုင်ငံ၊ ကုန်သွယ်ရေးနှင့်ဒေသတွင်း ပေါင်းစည်းရေးဝန်ကြီးဌာနက ကြေညာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အီသီယိုးပီးယား၏လယ်ယာထွက်ကုန်များ အဓိကတင်ပို့သည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားသဘောတူညီချက်အရ အီသီယိုးပီးယားပဲပုပ်တင်ပို့မှုသည် တရုတ်နိုင်ငံ၏ပိုးမွှားဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီပြီး ပိုးမွှားကင်းစင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အီသီယိုးပီးယားလယ်ယာထွက်ကုန်များကို အများဆုံးဝယ်ယူသူဖြစ်ပြီး အီသီယိုးပီးယားသည် နှစ်နိုင်ငံအကြား သဘောတူညီချက်နှင့်အညီအရည်အသွေးမြင့်ပဲပုပ်ထွက်ကုန်များကို တရုတ်နိုင်ငံသို့ရောင်းချပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ဆက်သွယ်ရေးဒါရိုက်တာ Wondimu Flate က ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာန၏အဆိုအရ အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပဲပုပ်တန်ချိန်၂၉,၄၀၀ ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ၁၈သန်းခန့်ရရှိခဲ့ကြောင်း သိရသည်။

အီသီယိုပီးယားနိုင်ငံသည် ပဲပုပ်ထွက်ကုန်များအတွက် ဈေးကွက်ရှာဖွေနေသော ကြောင့် တရုတ်နိုင်ငံ အနေဖြင့် ၎င်းတို့နိုင်ငံကို ကုန်သွယ်ရေးမိတ်ဖက်အဖြစ်ဆုံးဖြတ်ခဲ့ခြင်းကို အီသီယိုပီးယားအစိုးရက အခိုင်အမာထောက်ခံကြောင်း၊အီသီယိုးပီးယား

TIR

သည် ပဲပုပ်ထုတ်ကုန်များကို အရည်အသွေး၊ စံချိန်စံညွှန်းနှင့်ယှဉ်ပြိုင်နိုင်သည့်ပုံစံဖြင့် တင်ပို့သွားမည်ဖြစ်ကြောင်း Flate က ပြောကြားခဲ့သည်ဟု သိရသည်။

**Source: https://en.people.cn/n3/2025/0709/c90000-20337934.html**

**ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/

## အင်ဒိုနီးရှားနိုင်ငံ၏ ငါးဖမ်းကဏ္ဍသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် တိုးတက်လာ



အင်ဒိုနီးရှားနိုင်ငံ၏ ရေကြောင်းရေးရာနှင့် ငါးဖမ်းလုပ်ငန်းဝန်ကြီး Sakti Wahyu Txenggono က အင်ဒိုနီးရှားနိုင်ငံ၏ ရေထွက်ကုန်များတင်ပို့မှုသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် တစ်နှစ်ထက် တစ်နှစ် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ပါလီမန်အဆောက်အအုံတွင် အောက်လွှတ်တော်ကော်မရှင် IV နှင့် တွေ့ဆုံစဉ် Sakti Wahyu Txenggono က ရေထွက်ပစ္စည်းတင်ပို့မှုပမာဏသည် ၂၀၂၅ ခုနှစ် သုံးလတွင်း စုစုပေါင်းတန်ချိန် ၄၃၀၀၀၀ အထိ ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကြောင်း မှတ်ချက်ပြုခဲ့သည်။

ထုတ်လုပ်မှုအရ အင်ဒိုနီးရှားသည် ပထမသုံးလတွင် ရေထွက်ပစ္စည်းတန်ချိန် ၅ ဒသမ ၈၇ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၂ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့သည်။ ကဏ္ဍအသီးသီးတွင် မွေးမြူရေးငါးထုတ်လုပ်မှုမှာ ၃ ရာခိုင်နှုန်း၊ ၎င်း၏နောက်တွင် ပင်လယ်ရေမှော် ၂ ဒသမ ၂ ရာခိုင်နှုန်း ဖမ်းဆီးရမိသောငါးများ သုည ဒသမ ၇ ရာခိုင်နှုန်း ရှိကြောင်း ဝန်ကြီး၏ ပြောကြားချက်အရ သိရှိရသည်။

**Source : Xinhua**

**DOCAရန်ကုန်**

https://www.doca.gov.mm/

## ထိုင်းနိုင်ငံ၏ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ၁၆ ဒသမ ၆၈ သန်းသို့ ကျဆင်းသွားခဲ့



ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားခရီးသွား ၁၆ ဒသမ ၆၈ သန်းကျော် စံချိန်တင်ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် ၄ ဒသမ ၆၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တရားဝင်အချက်အလက် များက ဇူလိုင်လ ၁ ရက်နေ့ ဖော်ပြချက်အရသိရသည်။

မလေးရှားနိုင်ငံသည် ယခုနှစ်ပထမခြောက်လအတွင်း ခရီးသွားဝင်ရောက်မှု ၂ ဒသမ ၂၉ သန်းဖြင့် ဧည့်သည်ဝင်ရောက်မှုအများဆုံးရင်းမြစ်နိုင်ငံဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အရှေ့တောင်အာရှနိုင်ငံသည် ယခုနှစ်တွင်နိုင်ငံတကာခရီးသွားများထံမှဝင်ငွေ ဘတ် ၇၇၁ ဒသမ၅၅ ဘီလီယံခန့်အမေရိကန်ဒေါ် လာ ၂၃ ဒသမ ၈၀ ဘီလီယံခန့်ရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၃၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံသည် နိုင်ငံခြားခရီးသွား ၃၅ ဒသမ ၅၄ သန်း ကျော်ကို လက်ခံရရှိခဲ့ပြီး ယခင်နှစ်ထက် ၂၆ ဒသမ ၂၇ ရာခိုင်နှုန်းတိုးမြင့်လာကာ ဝင်ခွင့်စည်းမျဉ်းများ ဖြေလျှော့ပေးမှုနှင့်ဗီဇာကင်းလွတ်ခွင့်တို့ကြောင့် ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ စီးပွားရေးတိုးတက် မှုအတွက် အဓိကမောင်းနှင်အားဖြစ်သော ခရီးသွားလုပ်ငန်းသည် ၎င်း၏ ပြည်တွင်းအသားတင်ထုတ်ကုန်၏ ၁၄ ဒသမ ၇၁ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် အလုပ်အကိုင်များ၏ ၁၁ ဒသမ ၉၈ ရာခိုင်နှုန်းရှိသည်။

**Source: DOCA ရန်ကုန်**

https://www.doca.gov.mm/

## STOCK EXCHANGE (17.7.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,763 (Shares) | 98,468,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | -100 | -1.39% | 7,200 | 7,200 | 7,100 | 115 | 817,700 | 33,109,694 | 235,079 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 1,285 | 4,176,250 | 38,929,150 | 126,520 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,400 | 7,400 | 7,300 | 10 | 73,900 | 10,400,986 | 75,927 |
| FPB | 00004 | 2,000 | +50 | +2.56% | 2,000 | 2,000 | 2,000 | 1 | 2,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,650 | 2,650 | 2,600 | 848 | 2,205,300 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 55 | 95,800 | 19,977,223 | 33,961 |
| AMATA | 00007 | 3,700 | +50 | +1.37% | 3,700 | 3,700 | 3,600 | 961 | 3,460,700 | 10,497,598 | 38,841 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 63 | 203,900 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 16th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.71 | -0.61 | -0.17% | 362.47 | 362.47 | 359.29 | 3,338 | 11,035,550 | 8 | 680,363 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 17th Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,774 (Shares) | 4,306,650 (MMK) |

| MYANPIX | 361.17 ▲ 0.46 |
|---|---|
| Total Volume (shares) | 1,774 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 681,238 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 1,600 | ▼ 100 |
| AMATA | 00007 | 3,700 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 50 |

TIR

# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 17th Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,774 (Shares) | 4,306,650 (MMK) |

| MYANPIX | 361.17 |
|---|---|
| | ▲ 0.46 |
| Total Volume (shares) | 1,774 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 681,238 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 1,600 | ▼ 100 |
| AMATA | 00007 | 3,700 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 50 |

TIR